သာစည်မြို့နယ်
အပျောက်ကျေးရွာအုပ်စု၊အပျောက်(ရ)ကျေးရွာ

# အပျောက်ကျေးရွာ
# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အပျောက်ကျေးရွာ၊သာစည်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ဩဂုတ်လ

# မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၄ |
| သာစည်မြို့နယ်၊ အပျောက်ကျေးရွာအုပ်စု၊အပျောက်ကျေးရွာ၏**သယံဇာတပြမြေပုံ** | | ၆ |
| သာစည်မြို့နယ်၊ အပျောက်ကျေးရွာအုပ်စု၊အပျောက်ကျေးရွာ၏ **ရာသီခွင်ပြပြက္ခဒိန်** | | ၇ |
| သာစည်မြို့နယ်၊ အပျောက်ကျေးရွာအုပ်စု၊အပျောက်ကျေးရွာ၏ **ရွာတွင်း/ပြင် ချိတ်ဆက်မှုပြပုံ** | | ၈ |
| ၁။ | ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထား | ၉ |
| ၂။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၉ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၉ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | ၁၀ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၁ |
| | (ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၂ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ | ၁၂ |
| ၅။ | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၂ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၃ |
| ၆။ | ပညာရေး | ၁၃ |
| ၇။ | ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၄ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၄ |
| ၉။ | ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ | ၁၄ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၆ |

စီမံချက်ဆိုင်ရာအချက်အလက်များ

- နောက်ဆက်တွဲ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၇
- နောက်ဆက်တွဲ၂ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ(၄၈) ဇယား ၁၈
- နောက်ဆက်တွဲ၃ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၆၁
- နောက်ဆက်တွဲ၄ ဦးစားပေးစီမံချက်အဆိုပြုလွှာ ၆၃

**စကားချီး**

အပျောက်(ရ)ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၂၁–၂၀၂၅) (၅)နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက် အလက်များ၊ လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် သည့် ကျေးရွာသောက်သုံးရေ ရရှိရေး လုပ်ငန်းအားဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များစသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်းကောင်း၊ လိုအပ်သောအကူအညီများ၊ အကြံဥာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်တော်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး အဖွဲ့ တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံ ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်

အဆင့် အစိုးရ ဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**အပျောက် ကျေးရွာ၊ သာစည်မြို့နယ်**

# အပျောက်ကျေးရွာ


© 2021 Google
Image © 2021 Maxar Technologies
Google Earth
1985
Imagery Date: 3/15/2021 20°51'53.69" N 95°57'35.45" E elev 629 ft eye alt 2839 ft

## သာစည်မြို့နယ်၊ အပျောက်ကျေးရွာအုပ်စု၊ အပျောက်(ရ)ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



## သာစည်မြို့နယ်၊ အပျောက်ကျေးရွာအုပ်စု၊ အပျောက်(ရ)ကျေးရွာ၏ ရွာတွင်း/ ပြင်ပ ချိတ်ဆက်မှုပြပုံ



## ၁။ ကျေးရွာ၏တည်နေရာ၊ပထဝီအနေအထား

အပျောက်(ရ)ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် အပျောက်ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ သာစည်မြို့မှ အနောက်ဘက် (၇)မိုင်ခန့်အကွာ မြို့ရောင်လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ယာမြေများရှိပြီး အနောက်ဘက်တွင် အပျောက်(နောက်)ကျေးရွာ ရွာ၏တောင်ဘက်တွင် လယ်ကွင်းများနှင့် မြောက်ဘက်တွင် ရွှေကျီးမြင့်ဘုန်းတော်ကြီးကျောင်းတို့ ဝန်းရံလျှက်တည်ရှိပါသည်။

အပျောက်(ရ)ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပါသည်။ ကျေးရွာ၏မြေမျက်နှာသွင်ပြင် အနေအထားမှာ မြေပြန့်ဟုဆိုသော်လည်း ပဲခူးရိုးမဘက် ဂဝံကုန်းရိုးတန်း၏ အရှေ့ဘက်တွင် တည်ရှိသဖြင့် အနောက်ဘက်မှ အရှေ့ဘက်သို့ အနည်းငယ်နိမ့်ဆင်းသွားပါသည်။ မိုးတွင်းကာလတွင် ကျေးရွာ၏အရှေ့ပိုင်းသို့ ရေစီးဝင်မှုများပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

အပျောက်(ရ)ကျေးရွာသည် အပူပိုင်းမိုးနည်းဒေသဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုတိုင်း လယ်မြေ၊ ယာမြေများ ပိုင်ဆိုင်၍ ကိုယ်ပိုင် လုပ်ကိုင်ကြပါသည်။ ယာမြေထက် လယ်မြေဧက ပိုများပါသည်။ လယ်မြေများမှာ သဘာဝမြေဩဇာအသုံးပြုမှုနည်းသည့်အတွက် မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။

အပျောက်(ရ)ကျေးရွာနှင့် အနီးတဝိုက်တွင် ဓါတ်သတ္တု ပစ္စည်းများ မထွက်ရှိပါ။ အပူပိုင်းမိုးနည်းဒေသဖြစ်၍ အရိပ်ရအပင်များ ဖြစ်သော မန်ကျည်းပင်၊ကုက္ကိုလ်ပင်၊တမာပင်၊ ထနောင်းပင်၊ ဆူးဖြူ ကန္တာရဆူးပင်နှင့် ကုက္ကိုပင်စသည့် အရိပ်ရပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရိစ္ဆာန်များ အနေဖြင့် စာကလေး၊ ဆက်ရက်၊ ကျီးကန်း၊ ခိုစသည့် ငှက်အမျိုးမျိုးနှင့် ဖျိုင်း၊ တောက်တဲ့၊ မြွေစသည့် စသည်တို့အား တွေ့ရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

အပျောက်(ရ)ကျေးရွာတွင်အိမ်ခြေ (၆၇)အိမ်၊အိမ်ထောင်စု (၆၇)စု၊လူဦးရေကျား (၁၁၁) ဦးနှင့်မ (၁၅၂) ဦး စုစုပေါင်း (၂၆၃) ဦး ရှိပါသည်။ တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ အနေဖြင့်(၃.၉) ဦး တွေ့ရှိရပြီး မြန်မာနိုင်ငံတစ်အိမ်ထောင်ပျမ်းမျှလူဦးရေစံနှုန်း (၅) ဦး အောက်လျော့နည်းပါသည်။ ကျေးရွာတွင် နို့စို့အရွယ် ၀.၃%၊ ၅ နှစ်အောက်ကလေးငယ် ၃.၄%၊ မူလတန်းကျောင်းသားအရွယ် ၇.၉%၊ အလယ်တန်းကျောင်းသားအရွယ် ၅.၇%၊ အလုပ်လုပ်နိုင်သည့်အရွယ် ၈၁.၃%၊

သက်ကြီးရွယ်ကြီး ၁.၁% စသည်ဖြင့် ရှိပါသည်။ သက်ကြီးရွယ်ကြီး သည် ကျေးရွာလူဦးရေ၏ ၀.၄% သာရှိသည်ကို တွေ့ရ၍ အသက်ရှည်စွာ နေထိုင်ရသူနည်းပါးပါသည်။

အပျောက်(ရ)ကျေးရွာတွင် ကျေးရွာလူထုအခြေပြုအဖွဲ့ (၁) ဖွဲ့ရှိပါသည်။ ကျေးရွာလူမှုရေး၊သာရေး၊နာရေးနှင့် လူမှုဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ကျေးရွာ၏လူထုအခြေပြုအဖွဲ့တွင် လူငယ်ကျား၊မပေါင်းစုံ ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ အဖွဲ့ဖွဲ့စည်းလုံးပြီး လုပ်ငန်းဆောင်ရွက်မှုသင့်ပါသည်။ ကျေးရွာ၏သာရေး၊နာရေး၊လူမှုရေးများကို ဆောင်ရွက်ပါသည်။

အပျောက်(ရ)ကျေးရွာ၏ အိမ်ထောင်စုအလိုက် ဥစ္စာဓနအခြေအနေကို ဆန်းစစ်ရာ အဆင်ပြေသော အိမ်ထောင်စုတွင် ၁၀စု ၊ အလယ်အလတ်ရှိသော အိမ်ထောင်စု ၂၈စု၊ မပြေလည်သော အိမ်ထောင် စု ၁၅စု၊ အလွန်မပြေလည်သောအိမ်ထောင်စု ၁၄စု ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသောကြောင့် စီးပွားရေးအသင့်အတင့် ပြေလည်ကြပြီး ဆင်းရဲသူများပါသည်။

အပျောက်(ရ)ကျေးရွာ၏ အိမ်ထောင်စုများကို စစ်တမ်းကောက်ယူရာ ဝမ်းစာဖူလုံမှုအတွက်လုပ်အားခကြိုယူခြင်းနှင့် ချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများရှိပါသည်။

ကျေးရွာရှိ လူငယ်အချို့သည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေများအတွက် ပြည်တွင်းရှိအခြားမြို့များသို့၄င်း၊ ပြည်ပနိုင်ငံများသို့၄င်း သွားရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းရွှေ့ပြောင်းလုပ်ကိုင်သူကျား(၃)ဦး၊ မ(၅)ဦး၊ ပြည်ပရွှေ့ပြောင်းလုပ်ကိုင်သူ ကျား(၁)ဦးစုစုပေါင်း ပြည်တွင်း/ပ ရွှေ့ပြောင်းလုပ်ကိုင်သူ (၉)ဦးရှိပြီး ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုတစ်စုရှိပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

အပျောက်(ရ)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း၊ တောင်သူ လုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို စိုက်ပျိုးမြေပိုင်ဆိုင်သော အိမ်ထောင်စု၅၀ခန့်မှ လုပ်ကိုင်ကြပါသည်။ လယ်မြေ(၁၀၂.၂၅)ဧက ယာမြေ (၈၈.၃၃)ဧက၊ ဥယျာဉ်ခြံမြေ(၁.၅၀)ဧက စုစုပေါင်းစိုက်ပျိုးမြေ (၁၉၂.၀၈)ဧက စိုက်ပျိုးကြပါသည်။ မြေယာပိုင်ဆိုင်မှုအနေဖြင့် တောင်သူကြီး(၄)ဦး၊တောင်သူငယ်(၂၁)ဦး၊တောင်သူလတ်(၃၀)ဦးရှိပါသည်။

စိုက်ပျိုးမြေ ၊ လယ်မြေများသည် မိတ္ထီလာကန်ရေသောက် ဧရိယာတွင်ပါဝင်ပြီး စိုက်ပျိုးရေးအတွက် ရေလုံလောက်မှုမရှိပါ။ အဝီစိတွင်းများမှ ရေစုပ်စက်ဖြင့်စုပ်ယူပြီး စိုက်ပျိုးမြေများကို ရေသွင်းမြောင်းများမှတဆင့်ရယူ သုံးစွဲကြပါသည်။

ကျေးရွာတွင် လယ်မြေပိုများ၍ စပါး၊ ကြက်သွန်နှင့် မိုးဦးနှမ်းတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ စပါးစိုက်ဧက ၁၀၀ဧက၊ မိုးဦးနှမ်းစိုက်ဧက ၇၀ဧကခန့် စိုက်ပျိုးကြပါသည်။ စပါးနှင့်နှမ်းတို့မှာ အမြတ်များများရရှိသော သီးနှံများဖြစ်ပါသည်။

ကျေးရွာတွင်တစ်ဦးချင်းပိုင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၃)စီး၊ ရေစုပ်စက်(၂၀)ခု ရှိပြီး ထွန်စက်နှင့်လက်တွန်းထွန်စက်ကို တောင်သူ(၂၀)ဦးခန့်မှ ငှားရမ်းသုံးစွဲကြပါသည်။ မိရိုးဖလာအတိုင်း ခိုင်းနွား အသုံးပြု၍ ထွန်ယက်စိုက်ပျိုးသူများလည်းရှိပါသည်။

သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းအချို့ရှိပါသည်။ ရာသီဥတုမမှန်သော်လည်းအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်မြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးချေးငွေရယူကြရပါသည်။ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် ဓာတုဗေဒသွင်းအားစုများ ဝယ်ယူနိုင်ပါသည်။ သဘာဝမြေဆွေးမြေဩဇာကိုလည်း အသုံးပြုကြပါသည်။

သီးနှံအမြတ်များစေရန်ရင်ဆိုင်ရသည့် အခက်အခဲများမှာသီးနှံပေါ်ချိန်တွင် သီးနှံများကို လွယ်ကူစွာရောင်းချနိုင်သော်လည်းဈေးနှုန်းမှာမမှန်ကန်ပါ။ သီးနှံဖျက်ပိုးနှင့်ရောဂါပိုးများ အသင့်အတင့်ကျရောက်ပါသည်။ ရေမြေရာသီဥတုမှာမမှန်၍ ရံဖန်ရံခါ မိုးခေါင်တတ်ပါသည်။ စိုက်ပျိုးရေလုံလောက်စွာမရရှိပါ။ မျိုးကောင်းမျိုးသန့်မျိုးစေ့များ လွယ်ကူစွာမရရှိနိုင်ပါ။ လုပ်သားအင်အားနှင့် နည်းပညာဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။

၄။ (ခ) မွေးမြူရေးလုပ်ငန်း

မွေးမြူရေးလုပ်ငန်းအနေဖြင့် နွား၊ဆိတ်၊ဝက်နှင့်ကြက်တို့ကို အများဆုံးမွေးမြူကြပါသည်။ တစ်အိမ်ထောင်လျှင် နွားကိုတစ်ကောင်မှသုံးကောင်ထိ မွေးမြူကြပြီး(၁၅)ကောင်၊ (၂၀)ကောင်ထိ မွေးမြူသောအိမ်ထောင်စုများလည်းရှိပါသည်။ ကြက်နှင့်ဝက်ကိုတစ်ပိုင်တစ်နိုင်သာ မွေးမြူကြပြီး ငါး၊ပုဇွန်မွေးမြူရေးမရှိပါ။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် စားကျက်မြေအသင့်အတင့်ရှိပါသည်။ ရေ၊မျိုးကောင်းမျိုးသန့် သွင်းအားစုများအား လက်လှမ်းမီပါသည်။ မွေးမြူရေးချေးငွေသီးသန့်မရှိသော်လည်း ချေးငွေကဲ့သို့ချေးငွေ လက်လှမ်းမီပါသည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများမရှိပါ။ မွေးမြူရေးကိုစီးပွားဖြစ် မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပါသည်။

၄။ (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် နေ့စားအငှားအလုပ်သမား အလုပ်ကို လုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွင်လုပ်သား လုပ်သားတစ်ဦးလျှင် (၁)ရက်ငွေကျပ် (၃၅၀၀/-) မှ (၄၀၀၀/-) အထိ ရရှိနိုင်ပါသည်။ အခြားဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လက်သမား၊ပန်းရံလုပ်ကိုင်သူများအနေဖြင့် တစ်ရက်ငွေကျပ်(၄၀၀၀/-) မှ (၆၀၀၀/-) အထိ ရရှိနိုင်ပါသည်။ အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် စက်ချုပ်သူများ၊ ဈေးရောင်းသူများနှင့် စားသောက်ဆိုင်များတွင် လုပ်ကိုင်သူများလည်းရှိပါသည်။

**၄။ (ဃ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေ ရယူသူများရှိပါသည်။ လယ်ယာမြေ ပိုင်ဆိုင်သော တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးယူကြပြီး ချေးယူသည့်တောင်သူ (၃၀%) ခန့် ရှိပါသည်။ သမဝါယမချေးငွေယူသူ အိမ်ထောင်စု(၄၀)ဦးခန့် ရှိပါသည်။ ပုဂ္ဂလိကအသေးစားချေးငွေလုပ်ငန်းမှလည်း (၁၅)ဦးခန့်ချေးယူသူများရှိပါသည်။ အတိုးနှုန်းမှာ (၂.၅%) ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

အပျောက်(ရ)ကျေးရွာတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်သည့်အတွက် မိုးတွင်းကာလများတွင်သွားလာရန် ခက်ခဲပါသည်။ ကျေးရွာတွင်းလမ်းများ ရေရှည်တည်တံ့ရန် ရေဆိုးထုတ်မြောင်းများစနစ်တကျ တူးဖော်ရန်လိုအပ်ပါသည်။ ကျေးရွာချင်းဆက် လမ်းများမှာရွာ၏အနောက်ဘက်တွင် အပျောက်(ရ)-အပျောက်(န)လမ်းနှင့် မိတ္ထီလာမြို့ရောင်လမ်းရှိပါသည်။

သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အသုံးများပါသည်။ စက်ဘီးကို ကျောင်းသား/သူများမှ သုံးစွဲကြပြီးနွားလှည်းကို လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။ စက်ဘီး(၇)စီး၊ မော်တော်ဆိုင်ကယ်(၄၅)စီး၊ ကား(၂)စီးနှင့်နွားလှည်း(၁၃)စီးရှိပါသည်။

၅။ (ခ) ကျေးရွာမီးလင်းရေး

အပျောက်(ရ)ကျေးရွာသည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိသောကျေးရွာဖြစ်ပါသည်။ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု(၅၅)အိမ်ရှိပြီး ဆိုလာစနစ်အသုံးပြုသော အိမ်ထောင်စု (၂)စုနှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။

၅။ (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ ရေဒီယိုလိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ဂြိုလ်တုစလောင်းလိုင်းများအား ဖမ်းယူရရှိပါသည်။ အင်တာနက်လိုင်းလည်း ရရှိ၍ ဆိုရှယ်မီဒီယာမှလည်း သတင်းအချက်အလက်များ ရယူပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းအသုံးပြုနိုင်ကြပြီး ဖုန်းပိုင်ဆိုင်မှု အနေဖြင့် (၈၅) ခုရှိပါသည်။ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်အချို့ကို ရေဒီယိုနားထောင်ခြင်းနှင့် အခမဲ့ရုပ်သံလိုင်းများ၊ ဂြိုလ်တုစလောင်း ဖမ်းယူ ကြည့်ခြင်းဖြင့် အနားယူကြပါသည်။ တီဗွီ (၅၀) ခု၊ စလောင်း (၉) ခုရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိပါ။

၆။ ပညာရေး

အပျောက်(ရ)ကျေးရွာတွင် ကျောင်းနေအရွယ်လူဦးရေ၏ စာတတ်မြောက်မှုနှုန်းကို ဆန်းစစ်ရာ မူလတန်းအဆင့်ရှိသူ ၃၄ဦး၊ အလယ်တန်းအဆင့်ရှိသူ ၅၇ဦး၊ အထက်တန်းအဆင့်ရှိသူ ၄၈ဦး ၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ ၂၄ဦး ရှိပါသည်။ ကျေးရွာတွင်ပညာမတတ်သူနည်းပါသည်။ ကျောင်းတတ်နှုန်းအနေဖြင့် မူလတန်းတွင် (၂၂)ဦး၊ အလယ်တန်းတွင် (၁၃)ဦး၊ အထက်တန်းတွင် (၁၃)ဦး ၊တက္ကသိုလ်/ကောလိပ်အဆင့်တွင်(၈)ဦးရှိပါသည်။

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ ကျောင်းတွင် ကျောင်းဆောင် (၁)ဆောင်ရှိပါသည်။ ကျောင်းဆောင်ဟောင်းမှာအလျား ၆၀ပေ၊အနံ ၂၀ပေ၊ အမြင့် ၁၅ ပေရှိပြီး ကျောင်းဆရာ/မ (၆)ဦးရှိ၍ ဆရာ/မအင်အားလုံလောက်မှု ရှိပါသည်။ကျောင်းသုံးပရိဘောဂများလုံလောက်မှု ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသောကြောင့် မူလတန်းကျောင်း ထွက်နှုန်းနည်းပါသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရပါသည်။ မိသားစုစားဝတ်နေရေးအခက်အခဲကြောင့် အလယ်တန်းနှင့် အထက်တန်း ကျောင်းထွက်နှုန်း အနည်းငယ်သာရှိပါသည်။ အလယ်တန်း နှင့် အထက်တန်းကို ညောင်ကိုင်း အ.ထ.က ကျောင်းသို့ သွားရောက် တက်ရောက်ရသောကြောင့် ခက်ခဲပါသည်။

ကျေးရွာလူငယ်များ၏ အခန်းကဏ္ဍမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းပါသည်။ လူငယ်များအတွက် စာကြည့်တိုက်ရှိပါသည်။ ပျော်ပွဲရွှင်ပွဲ၊ အနားယူ အပန်းဖြေရန်နေရာများ မရှိပါ။ အားကစား အနေဖြင့် ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်းကို လုပ်ငန်းခွင် သိမ်းချိန်တွင် ကစားကြပါသည်။ အားကစားနှင့် ကာယ လေ့ကျင်းခန်း ပြုလုပ်ရန်နေရာ မရှိပါ။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ ကျေးရွာမှ (၁) မိုင်ခန့် အကွာတွင် ကုန်းတောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် ညောင်ကိုင်းကျေးလက် ကျန်းမာရေးဌာနတို့ ရှိပြီး ဆေးကုသမှုလက်လမ်းမီပါသည်။ ကုန်းတောင်းကျေးလက် ကျန်းမာရေးဌာနမှ ကာကွယ်ဆေး ပုံမှန်ထိုးနှံပေးပါသည်။ သာမန်ဖျားနာ လူနာများ၊ ကိုယ်ဝန် ဆောင်မိခင်များအတွက် ကျန်းမာရေး ကုသရန် လက်လှမ်းမီပါသည်။ ကျေးရွာတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများကို မိုးရာသီတွင် ကလေးများ၌ အနည်းငယ်ဖြစ်ပွား တတ်ပါသည်။ ဆီးချို၊ သွေးတိုးရောဂါများမှာ သက်ကြီးရွယ်အိုအချို့တွင် ဖြစ်ပွားပါသည်။

ကျေးရွာတွင် အဝီစိတွင်း စက်တပ် (၆၀) တွင်း၊ အဝီစိတုံကင်တွင်း (၁) တွင်းဖြင့် ရေသုံးစွဲကြပါသည်။ ကျေးရွာ၏အိမ်ထောင်စု (၆၀)သည်အဝီစိတွင်း စက်တပ်မှရယူ သုံးစွဲကြပြီး ရေလုံလောက်ပါသည်။ တွင်းများမှရေသည် ရေချိုဖြစ်၍ သောက်သုံးရေအတွက် အဆင်ပြေကြပါသည်။

ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ အိမ်သာမရှိသော အိမ်ထောင်စု (၂)စုရှိပါသည်။ ကျေးရွာမှ စွန့်ပစ် အမှိုက်များကို စွန့်ပစ်အမှိုက်စွန့်ပစ်ရန်နေရာတွင် ကိုယ်ထူကိုယ်ထ စွန့်ပစ်ဖျက်ဆီးကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး သဘာဝဓါတ်မြေဩဇာထက် ဓါတုဓါတ်မြေဩဇာကိုအသုံးများသောကြောင့် မြေဆီဩဇာပျက်ဆီးမှု အနည်းငယ်ရှိပါသည်။ ဖျက်ပိုး များ ကျရောက်လေ့ရှိပြီး နည်းပညာဗဟုသုတ နည်းပါးသောကြောင့် ထိထိရောက်ရောက် မကာကွယ် နိုင်ပါ။ ကျေးရွာစွန့်ပစ်အမှိုက်များကို ရွာအပြင် မြေကွက်လပ်တွင် ကိုယ်ထူကိုယ်ထ စွန့်ပစ်မီးရှို့ကြ ပါသည်။ စနစ်တကျမဖြစ်သည့်အတွက် မီးဘေးအန္တရာယ် အနည်းငယ်စိုးရိမ်ရပါသည်။ သဘာဝပတ်ဝန်း ကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်ကောင်းများစီမံ ဆောင်ရွက်မှု မရှိသေးပါ။ အသိပညာဗဟုသုတများ လိုအပ်ပါသည်။

## ၉။ ကျား-မရေးရာ

ကျေးရွာတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူ အခွင့်အရေး ပေးထား သော်လည်း အမျိုးသမီးများသည် ဓလေ့ထုံးတမ်းအစဉ်အလာများအရ အိမ်မှုကိစ္စများဖြင့်သာ အချိန် ကုန်တတ်ကြပါသည်။ သို့သော် ကျေးရွာရှိအုပ်ချုပ်မှုဆိုင်ရာများတွင် မပါဝင်ကြသော်လည်း ဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်း အမျိုးသမီး အကြမ်း ဖက်မှုဆိုင်ရာ တိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရား မျှတမှု ဆိုင်ရာများအတွက် ကျေးရွာသူ/ သားများမှ မသိရှိပါ။ အသိပညာ ဗဟုသုတ နည်းပါးပါ သည်။

အမျိုးသမီးဘာဝ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပါသည်။

လုပ်အားခများ အနေဖြင့်အမျိုးသားနှင့် အမျိုးသမီးတို့၏ တစ်နေ့လုပ်အားခမှာ လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ အနည်းအများ ကွာဟရခြင်းဖြစ်ပါသည်။ ပညာသင်ကြားမှုတွင် ရှေးယခင်က အမျိုးသမီးများ မူလတန်းပညာဖြင့် ကျောင်းထွက်မှုများပြီး ယခုအခါ အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲပညာရေးကို အားပေးကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေးအန္တရာယ် ကျရောက်မှုမှ လွဲ၍ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီးပြုပြင်ပြောင်းလဲသင့်သောအရာများတွင် ထပ်တိုး စီမံကိန်းများ ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

## သာစည်မြို့နယ်၊အပျောက်ကျေးရွာအုပ်စု၊အပျောက်(ရ)ကျေးရွာ၏ဦးစားပေးဆောင်ရွက်မည့်စီမံချက်များ

| စဉ် | စီမံချက်အမည် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | | Â | | | | |
| ၂ | ကျေးရွာအတွင်း/ပြင် ရေဆိုးထုတ်မြောင်းများ တည်ဆောက်ခြင်း | ၂ | | | Â | | | |
| ၃ | ကျေးရွာတွင်းကြားလမ်းပြုပြင်ခြင်း | ၃ | | | | Â | | |
| ၄ | ကျေးရွာပတ်လမ်းများပြုပြင်ခြင်း | ၄ | | | | | Â | |
| ၅ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း | ၅ | | | | | | Â |
| ၆ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၆ | | | | | | Â |

နောက်ဆက်တွဲ (၁)

## သာစည်မြို့နယ်၊ အပျောက်ကျေးရွာအုပ်စု၊ အပျောက်(ရ)ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသက်နိုင်ဦး | ဦးမြမောင် | ၉/ သစန (နိုင်) ၁၁၈၆၁၂ | ၃၈ | ဥက္ကဌ | ၀၉ – ၇၆၆၄၃၃၅၃၃ |
| ၂ | ဦးမျိုးသွင် | ဦးတင်ငွေ | ၉/ သစန (နိုင်) ၁၈၁၅၆၈ | ၃၆ | အတွင်းရေးမှူး | |
| ၃ | ဦးလှသန်း | ဦးစံရင် | ၉/ သစန (နိုင်) ၀၃၆၀၂၄ | ၄၇ | အဖွဲ့ဝင် | ၀၉-၇၉၄၆၆၇၅၅၀ |
| ၄ | ဦးညာဏ် | ဦးမောင်ပု | ၉/ သစန (နိုင်) ၀၃၆၀၆၂ | ၅၁ | ။ | |
| ၅ | ဒေါ်အေးမော် | ဦးတင်လှိုင် | | ၅၀ | စာရင်းကိုင် | |
| ၆ | ဒေါ်မူယာ | ဦးကျော်တင့် | | ၄၄ | ဘဏ္ဍာရေးမှူး | |
| ၇ | ဒေါ်သန်းသန်းမော် | ဦးမောင်ဌေး | | ၄၀ | အဖွဲ့ဝင် | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | - | ၁ | ၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁ | ၈ | ၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၁၁ | ၂၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅ | ၁၀ | ၁၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၅ | ၁၁၉ | ၂၁၄ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | | ၃ | ၃ | | |
| စုစုပေါင်း | | ၁၁၁ | ၁၅၂ | ၂၆၃ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၆၇ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** အပျောက်(ရ)ကျေးရွာတွင် ၁နှစ်အောက်နို့စို့အရွယ် မ(၁)ယောက် ၅နှစ်အောက် ကလေးငယ်များ ကျား၁ယောက်၊မ၈ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား၁၀ယောက်၊မ၁၁ယောက် အလယ်တန်းကျောင်းသားအရွယ် ကျား၅ယောက်၊မ၁၀ယောက် အလုပ်လုပ်နိုင်သည့်အရွယ် ကျား၉၅ယောက် မ၁၁၉ယောက် ၆၅နှစ်အထက် သက်ကြီးရွယ်အို မ၃ယောက် ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၀ | ၁၂၀ | ၈ | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၂၀ | | | | | မြင့် ☐လတ် ☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၀ | | | | | | မြင့် ☐လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၅၅ | | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁၁ | | | | | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / | ၂၀ | ၂၀ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၁၀ | ၁၅ | | | | မြင့်☐ လတ်☐ နိမ့် ☑ |
| | စုစုပေါင်း | | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** အပျောက်(ရ)ကျေးရွာတွင် စိုက်ပျိုးစီးပွားလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်သော အိမ်ထောင်စု ၅၀ ရှိပြီးအမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုစစု ရှိကြောင်း တွေ့ရှိရသည်။ မိသားစုဝင်လုပ်အားမှာ ၁၂၀ယောက် အငှားအလုပ်သမား၂၀ယောက်ခန့် ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ တိရစ္ဆာန်မွေးမြူရေးမှာလည်း ကိုယ်ပိုင်မွေးမြူသော အိမ်ထောင်စု၄၀ခန့် ရှိကြောင်းတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၇ | ယာဥ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** အပျောက်(ရ)ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် နေ့စား(ကျား) လုပ်အားခ အများဆုံးမှာ၄၀၀၀ကျပ်ဖြစ်၍ အနည်းဆုံးလုပ်အားခမှာ ၃၀၀၀ကျပ်ဖြစ်ပါသည်။ နေ့စား(မ)၏ အများဆုံးလုပ်အားခမှာ ၃၅၀၀ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ၃၀၀၀ကျပ် ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၀၂.၂၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၈၈.၃၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၁.၅၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | ၂.၃၅ | ကောင်း ☐ သင့်☑ ညံ့ ☑ |
| **စုစုပေါင်း** | ၁၉၄.၄၃ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** အပျောက်(ရ)ကျေးရွာ၏ စိုက်ပျိုးနိုင်သော မြေဧရိယာပိုင်ဆိုင်မှုမှာ လယ်မြေဧက ၁၀၂.၂၅ဧက်နှင့် ယာမြေဧက၈၈.၃၃ဧကခန့် တွေ့ရသည် ဥယျာဉ်ခြံမြေ ၁.၅၀ ဧကခန့်နှင့် မြေလွတ်မြေလပ် ၂.၃၅ဧကခန့် ရှိကြောင်းတွေ့ရှိရပါသည်။ မြေဆီလွှာအရည်အသွေးမှာ လယ်မြေနှင့်ယာမြေမှာ အသင့်အတင့်ရှိပြီး ဥယျာဉ်ခြံမြေနှင့် မြေလွတ်မြေလပ်မှာ ညံ့ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။** အပျောက်(ရ)ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ခာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည့်များသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှုမှာ (မရှိ)၍ အသုံးချနိုင်မှုမှာလည်းခက်ခဲပါသည်။ ကျောက်(သဲ၊ကျောက်စရစ် စသည်များမှာလည်း သဘာဝအတိုင်းတွေ့ရှိနိုင်မှုမှာနည်း၍ အသုံးချနိုင်မှုမှာခက်ခဲပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာလည်း ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှုမှာ နည်းကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၂၈ | ၁၅ | ၁၄ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။**။ အပျောက်(ရ)ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု၏ မြေယာပိုင်ဆိုင်မှုမှာ (၁၂၀.၀၀)ကေခန့်ရှိပြီး အလယ်အလတ်ရှိသော အိမ်ထောင်စု၏ မြေယာပိုင်ဆိုင်မှုမှာ (၅၀.၀၀)ကေ ခန့်ရှိကြောင်း တွေ့ရပါသည်။ မပြေလည်သောအိမ်ထောင်စု၏ မြေယာပိုင်ဆိုင်မှုမှာ ၁၅ကေခန့်ရှိပြီး မြေယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စု၁၄အိမ်ထောင်စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအ ရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၃ | ၂ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ____၂_______<br>လုပ်အားခကြိုယူ = ______၃_____ |
| ၃လနှင့်၆လ ကြားဝမ်းစာဖူလုံမှု | ၃ | ၃ | အခြားအစာပြောင်းလဲစာ = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _____၂______<br>လုပ်အားခကြိုယူ = ________၄___ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၁<br>၁ | ၁<br>၁ | အခြားအစာပြောင်းလဲစာ= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = __၁_________<br>လုပ်အားခကြိုယူ = _____၁______ |

**ရင်းမြစ်..ဥစ္စာခနေအဆင့်“၃”နှင့်“၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်း ကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ အပျောက်(ရ)ကျေးရွာတွင် ၃လအောက်ဝမ်းစာဖူလုံမှုအိမ်ထောင်စု (၅) အိမ်ထောင်စုရှိပြီး ချေးယူဖြေရှင်းရသည့် အိမ်ထောင်စု(၂)စုနှင့် လုပ်အားခကြိုယူ (၃)အိမ်ထောင်စု ၃လနှင့်၆လ ဝမ်းစာဖူလုံမှု အိမ်ထောင်စု ၆စုရှိပြီး၂အိမ်ထောင်စုမှာချေးယူ၍ ၄အိမ်ထောင်စုမှာ လုပ်အားခကြိုယူရပါသည်။ ၆လနှင့် ၁၂လကြား ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု၂စုရှိပြီး ချေးယူသည့်အိမ်ထောင်စု၁စုနှင့် လုပ်အားခကြိုယူ ၁စုရှိကြောင်း တွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၁ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့် အထက် အမျိုးသမီးအိမ်ထောင်စုတစ်စုရှိပြီး အခြားဒေသသို့ကြားမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စုတစ်စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**ဇယား(၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော် | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | Â | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | Â | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
